# Dermatology and Aesthetic Centre

## Vampire Facial

## သွေးရည်ကြည် ကုထုံးဖြင့် အသားအရေကို ပြန်လည်နုပျိုစေခြင်း

### PRP (Platelet Rich Plasma) သွေးရည်ကြည်ကုထုံးဆိုသည်မှာ

မိမိ၏ကိုယ်ပိုင်သွေးမှ သွေးရည်ကြည်ကိုသန့်စင်ယူကာအရေပြားမှတစ်ဆင့် ပြန်လည် ထိုးသွင်းပေး၍ ဆဲလ်အသစ်များ မွေးဖွားစေခြင်း၊ အသားအရေကို ပြန်လည်နုပျိုစေခြင်း ဖြစ်ပါသည်။

### PRP နဲ့ ဘာတွေကုသနိုင်ပါသလဲ

- မျက်နှာအသားအရေ ပြန်လည်ဖင်းပစေခြင်း၊ နုပျိုစေခြင်း (Facial Rejuvenation)
- နှုတ်ခမ်းနှင့် မျက်ဖန်းတပိုက်မှ အရေးအကြောင်းများ
- ဖက်ခြံပေါက်ပြီးကျန်ခဲ့သောအမာရွတ်များ
- ဆံပင်ကျွတ်ခြင်း၊ ပါးခြင်း
- အသားအရေမွဲခြောက်ခြင်း
- နေရောင်ခြည်ဒဏ်ကြောင့် အသားအရေ ပျက်စီးခြင်း

### PRP ရဲ့အာနိသင်ကိုဘယ်အချိန်မှာစတွေ့ရမလဲ

သိသာသောရလဒ် ရရှိရန် အနည်းဆုံး (၃)ကြိမ် ကုသမှုခံယူရန် လိုအပ်သည်။ ဖက်ခြံအမာရွတ်အတွက် (၆)ကြိမ် ကုသရန် လိုအပ်သည်။ ကုသမှု တစ်ကြိမ်နှင့်တစ်ကြိမ်အတွင်း (၄)ပတ် သို့မဟုတ် (၆)ပတ် ခြားရန်လိုအပ်သည်။ ကော်လာဂျင် ထုတ်လုပ်မှုသည် ကုသမှုအပြီး (၃)လအကြာတွင် စတင်သိသာကာ ရလဒ်မှာ (၂)နှစ်အထိ ကြာရှည်ခံနိုင်သည်။

### PRP ကုသမှု မခံယူသင့်သောသူများ

- ကိုယ်ဝန်ဆောင်အမျိုးသမီးများ
- နို့တိုက်မိခင်များ
- သွေးကျဲဆေးသောက်သုံးနေသူများ
- ကုသမှုခံယူသည့်နေရာတွင် Siliconနှင့် (၆) လအတွင်း Filler ထိုးထားသူများ

### ကုသမှုအပြီးဘာတွေကြုံမျှော်လင့်ထားရမလဲ

PRP ဖြင့်ကုသခြင်းသည် အရေပြားကိုနီရဲခြင်း၊ ရောင်ရမ်းခြင်းများယာယီဖြစ်စေနိုင်ပါသည်။ အချို့သောသူများတွင် သွေးခြေဥခြင်းများဖြစ်ပေါ်နိုင်ကာ ရက်အနည်းငယ်ကြာလျှင် အလိုလိုပျောက်ကင်းနိုင်ပါသည်။ ကုသပြီး (၃)ပတ်အကြာ တွင် အသားအရေတင်းရင်းလာခြင်း၊ တောက်ပကြည်လင်လာခြင်းကို စတင်သတိထားမိမည်ဖြစ်ပြီးကုသမှု (၃)ကြိမ် မှ (၆)ကြိမ် အပြီးတွင် သိသာထင်ရှားသောရလဒ်ကို တွေ့ရှိမည် ဖြစ်ပါသည်။

## PRP ကုသမှုခံယူပြီးဆောင်ရန်နှင့်ရှောင်ရန်များ

- ကုသမှုပြီးပြီးချင်းတွင် နီရဲခြင်း၊ ရောင်ရမ်းခြင်းများရှိပါကရေခဲအိတ်ကပ်ပေးပါ။ သွေးခြေဥခြင်းများ၊ နီရဲခြင်းများသည် (၅)ရက် မှ (၁၄)ရက်ထိရှိနိုင်သည်။
- (၂)ရက် မှ (၅)ရက်အတွင်းအရေပြားကိုအနာတရဖြစ်စေနိုင်သောလေ့ကျင့်ခန်းပြင်းပြင်းထန်ထန်လုပ်ခြင်းများ၊ ရေနွေးပူစိမ်ခြင်း၊ နှိပ်နယ်ခြင်းများမပြုလုပ်ရပါ။
- ကောင်းမွန်သောရလဒ် ရရှိစေရန် မျက်နှာကိုလက်ဖြင့် ကုပ်ဆွခြင်း၊ ဖဲ့ခြင်းများမလုပ်ပါနှင့်။
- အသားခြောက်ကာအရေခွံလန်ပါက Aloe Vera Gel သို့မဟုတ် ပိုးသတ်ဆေးပါသောခရင်မ်လိမ်းပေးပါ။
- PRP လုပ်ပြီးပြီးခြင်း (၂ - ၃) ရက်အတွင်း မိတ်ကပ်မလိမ်းရပါ။
- မျက်နှာသစ်လျှင် ဆပ်ပြာအပျော့စား သို့မဟုတ် Normal Saline ကိုသာသုံးပါ။ ရေသုတ်ရာတွင် တဘက်ဖြင့် ခပ်ဖွဖွသာ တို့ပြီးသုတ်ပေးပါ။ မပွတ်ရပါ။
- PRP ကုသမှုသည် အသားအရေကိုခြောက်သွေ့စေနိုင်သောကြောင့် Moisturizer (Alpha-Hydroxy Acid (AHA) မပါဝင်သော) ကို သုံးပေးသင့်ပါသည်။
- ကုသမှုခံယူနေစဉ် တစ်လျှောက်လုံးနှင့် ကုသမှုခံယူပြီး (၁) လ မှ (၂) လ အတွင်းနေရောင်ခြည်ဖြင့်တိုက်ရိုက်ထိတွေ့ခြင်း၊ နေပူဆာလှုံခြင်းများရှောင်ရှားသင့်ပါသည်။ အပြင်ထွက်လျှင် SPF 30 နှင့်အထက်ပါဝင်သော နေရောင်ကာလိမ်းဆေးများ လိမ်းရမည်ဖြစ်ပါသည်။
- ကုသမှုခံယူနေစဉ် အမွေးနှုတ်ခြင်း၊ အရောင်ချွတ်ခြင်း၊ လေဆာပစ်ခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ မျက်နှာကိုနီရဲစေသော Retin-A, Benzoyl Peroxide ပါဝင်သည့် လိမ်းဆေးများကို PRP ကုသနေစဉ် မလိမ်းသင့်ပါ။

